# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
## (၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို နံနက် ၁၁း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၄၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၁၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးမှ တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၄ ရက်၊

(၂) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၃) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၁ ရက်၊

(၄) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ခွင့် ၁ ရက်၊

(၅) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ခွင့် ၁ ရက်၊

(၆) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၇) ဝေါ်မဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁ ရက်၊

(၈) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ခွင့် ၂ ရက်၊

(၉) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၁၀) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဌေးနိုင် ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဒေါ်စန်းသီတာခင် ခွင့် ၁ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွေး ခွင့် ၁ ရက်၊

(၁၄) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်၊

(၁၅) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၁ ရက်၊

(၁၆) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်နှင့်

(၁၇) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များတွင် မြေကွက်ပေါင်း မည်မျှဖော်ဆောင်ထား၍ စက်ရုံများ တည်ဆောက်ခြင်းမရှိသည့် မြေကွက်များနှင့်ပတ်သက်၍ မည်သို့စီမံထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ ရန်ကုန်စက်မှုဇုန်မြေကွက်များ ဈေးကြီးမြင့်မှုနှင့်ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ကတည်းက လွှတ်တော်ကို တင်ပြထားခဲ့တာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့က မြေဈေးနဲ့ငှားရမ်းခတွေဟာ ကမ္ဘာမှာ ဈေးအမြင့်ဆုံးဖြစ်တဲ့ လန်ဒန်နဲ့ ဟောင်ကောင်ပြီးရင် တတိယဖြစ်တယ်လို့ သိရပါတယ်။ နာမည်ကြီးတဲ့ လှိုင်သာယာ၊ ရွှေပြည်သာစက်မှုဇုန်တွေမှာ လွန်ခဲ့တဲ့ ၁၀ နှစ်ခန့် ၂၀၀၅ ခုလောက်က မြေ တစ်ဧကတစ်ကွက် ကျပ်သိန်း ၃၀၀ မှ ၅၀၀ ခန့်လောက်သာရှိရာကနေ အခုဆိုလို့ရှိရင် အနည်းဆုံး ကျပ်သိန်း ၃၀၀၀ မှ ၇၀၀၀ လောက်အထိ ပေါက်ဈေးရှိတယ်လို့ သိရပါတယ်။ စက်မှုဇုန်စီမံကိန်းတွေ၊ မြေကွက်တွေ ဖော်ထုတ်တာဟာ အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေဖြစ်ပေမယ့် ဖော်ထုတ်တဲ့မြေကွက်တွေကို အမှန်တကယ်လုပ်ငန်းလုပ်မယ့်သူတွေကို မပေးဘဲ လူတစ်စုတစ်ဖွဲ့ ကုမ္ပဏီတွေကိုပဲ ပေးတဲ့အခါမှာ လက်ဝါးကြီးအုပ်ချုပ်ကိုင်ပြီး ဈေးကစားနေတဲ့အတွက် မြေကွက်များ အဆမတန် ဈေးနှုန်းကြီးမြင့်နေရတာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသေးစားနှင့် အလတ်စား တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ အဲဒီအငယ်စား၊ အလတ်စားလုပ်ငန်းများ လုပ်သာကိုင်သာရှိပြီးတော့ ဖွံ့ဖြိုးလာအောင်လုပ်ပေးဖို့လည်း လိုအပ်ပါတယ်။ အခုအခါ ရန်ကုန်အပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းမှာရှိတဲ့ မြေကွက်နေရာကောင်းအတော်များများကို ဈေးမဆစ်ဘဲနဲ့ ကြိုက်ဈေးပေးဝယ်နေတာ

ကိုလည်း စိုးရိမ်စရာ ကြားသိနေရပါတယ်။ ဘယ်ကရတဲ့ငွေတွေလဲ။ ငွေမည်းတွေလား။ မေးခွန်းထုတ်စရာတွေပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့က စက်မှုဇုန်အသီးသီးမှာ အသုံးမပြုတဲ့မြေကွက်တွေဟာလည်း ၂၃၀၀ ကျော်ရှိပြီးတော့ အသုံးမပြုတဲ့ဂိုဒေါင်တွေဟာလည်း ၁၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ ဒုတိယသမ္မတလာရောက်စဉ်မှာ လုပ်ငန်းရှင်တွေက တင်ပြကြတဲ့အခါ စည်းကမ်းနဲ့မဆောင်ရွက်တဲ့မြေကွက်တွေကို ပြန်လည်စိစစ်ပြီးတော့ အရေးယူဆောင်ရွက်ပေးမယ်လို့ ပြောသွားခဲ့ပေမယ့်လည်း အခုထိ ဆောင်ရွက်ပေးခြင်းမရှိသေးကြောင်း သိရပါတယ်။ စက်မှုဇုန်မြေကွက်တွေ ဈေးကြီးမြင့်နေတဲ့အခါမှာ အသေးစား၊ အလတ်စားနှင့် စက်မှုစီးပွားရေး လုပ်ငန်းရှင်တွေအတွက် မြေဝယ်ဖို့တင် တရင်းတနှီးကြီးဖြစ်နေပါတယ်။ ငှားပြန်တော့လည်း အငှားခက ဈေးနှုန်းကအဆမတန်ဖြစ်နေပါတယ်။ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေတာ၊ ရင်းနှီးမြှုပ်နှံမှုတွေ တုံ့ဆိုင်းနေတာဟာ မြေဈေးကြီးမြင့်မှုကလည်း ကြီးတဲ့အဟန့်အတားဖြစ်တယ်လို့ ပညာရှင်များက သုံးသပ်ကြပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များမှာ မြေကွက်ပေါင်း မည်မျှဖော်ဆောင်ထားပါသလဲ။ စည်းကမ်းနှင့်မညီသော မြေကွက်လပ်များ မည်မျှရှိနေပါသလဲ။ စက်မှုဇုန်များတွင် မြေဈေးများ အဆမတန်ကြီးမြင့်နေတယ်ဆိုတာ မှန်ပါသလား။ စက်ရုံများ တည်ဆောက်ခြင်းမရှိသည့် မြေကွက်များနှင့်ပတ်သက်၍ မည်သို့စီမံဆောင်ရွက်ရန်ရှိသည်ကို ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(အတွင်းရေးမှူး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပါတယ်။ ယခု အစည်းအဝေးမှာ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွား

မှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန်များကို ဖော်ထုတ်ခဲ့ရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စက်မှုဇုန်အဖြစ် မြေကွက်များဖော်ထုတ်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအာဏာပိုင်အဖွဲ့အစည်းတို့မှ မြေကွက်နေရာချထားပေးမှုကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းစက်မှုဇုန် ၂၄ ခုတွင် မြေကွက်ဖော် ထုတ်ထားရှိမှုမှာ မြေကွက်ပေါင်း ၁၀၃၀၁ ကွက် ဖော်ထုတ်၍မြေနေရာချထားပေးခဲ့ပါတယ်။ ယင်းမြေကွက်များအနက် စက်ရုံ၊ အလုပ်ရုံတည်ထောင်ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိတဲ့ မြေကွက်ပေါင်း ၃၆၉၃ ကွက်၊ လုပ်ငန်းထူထောင်ဆဲနှင့် တည်ဆောက်ဆဲမြေကွက်ပေါင်း ၂၉၇၀ ကွက်၊ ဂိုဒေါင်သိုလှောင်ရုံအဖြစ် အသုံးပြုလျက်ရှိတဲ့မြေကွက် ၁၂၉၉ ကွက်တို့ပါဝင်ပြီး စက်ရုံအဆောက်အအုံဆောက်လုပ်ခြင်းမရှိသော မြေကွက်များဟာ စက်မှုဇုန်တည်ထောင်ခြင်းရဲ့ရည်ရွယ်ချက်နဲ့မကိုက်ညီ၍ စည်းကမ်းနဲ့မညီညွတ်တဲ့မြေကွက်လွတ်ပေါင်း ၂၃၃၉ ကွက်ရှိနေပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များတွင် လက်ရှိမြေဈေးနှုန်းမှာ တည်နေရာဒေသအလိုက် မတူညီမှုများရှိသော်လည်း ပျမ်းမျှအားဖြင့် ၁ ဧကလျှင် ကျပ်သိန်း ၃၀၀၀ မှ ၄၀၀၀ အထိရှိနေပြီး အချို့နေရာများတွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၇၀၀၀ မှ သိန်း ၈၀၀၀ အထိရှိနေကြောင်းကြားသိရပါတယ်။ စက်ရုံ/အလုပ်ရုံများ တည်ဆောက်ခြင်းမရှိသေးတဲ့၊ စည်းကမ်းနဲ့မညီညွတ်တဲ့မြေလွတ်မြေကွက်များနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ရန် စီစဉ်လျက်ရှိရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များတွင် မြေကွက်များနေရာချထားရေးနှင့် ဆက်စပ်သောကိစ္စများအတွက် တာဝန်ပေးအပ်ထားခြင်းမရှိတဲ့အတွက် သက်ဆိုင်ရာရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တစ်ဦးမှ ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး သက်ဆိုင်ရာဌာနများမှအဖွဲ့ဝင်များဖြင့် စီမံခန့်ခွဲမှုကော်မတီတစ်ရပ်ဖွဲ့စည်း၍ ၎င်းကော်မတီမှ စက်ရုံများ တည်ဆောက်ခြင်းမရှိသည့်မြေကွက်လွတ်များ အောက်ပါအတိုင်း လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပါကြောင်း သိရှိရပါတယ်။

စည်းကမ်းနှင့်မညီညွတ်တဲ့မြေကွက်လွတ်များမှာ စက်ရုံ/အလုပ်ရုံများ တည်ဆောက်ရေးအတွက် စတင်တည်ဆောက်အကောင်အထည်ဖော်ရမည့် ကာလကို သုံးလ သို့မဟုတ် လေးလသတ်မှတ်၍ သက်ဆိုင်ရာလုပ်ငန်းရှင်များကို ခေါ်ယူတွေ့ဆုံ အသိပေးညှိနှိုင်း၍ လုပ်ငန်းအဆိုပြုချက်တင်ပြစေရန်၊ တည်ဆောက်မည့်လုပ်ငန်း၏ ပမာဏပေါ်မူတည်၍ လုပ်ငန်းရှင်၏ အဆိုပြုချက်နှင့်စီမံကိန်းကာလကို စီမံခန့်ခွဲရေးကော်မတီမှ စိစစ်အတည်ပြု၍ စဉ်ဆက်မပြတ်လုပ်ငန်းအကောင်

အထည်ဖော်မှုရှိ/မရှိ ကြီးကြပ်ဆောင်ရွက်သွားရန်၊ အဆိုပြုချက်တင်သွင်းခြင်းမရှိတဲ့ မြေကွက်များကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံစေရန်၊ အဆိုပြုစီမံကိန်းများကို တင်ပြပါစီမံကိန်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိတဲ့ မြေကွက်လပ်များကို သတ်မှတ်ရက်လွန်ကြေး၊ ဒဏ်ကြေးပေးသွင်းစေခြင်းမှစ၍ မြေကွက်ကို ပြန်လည်ပေးအပ်စေခြင်းအထိ အဆင့်ဆင့်အရေးယူဆောင်ရွက်သွားရန် စီမံထားရှိပါတယ်။ လက်ရှိအနေနဲ့ အဆိုပြုချက်များကို ရရှိနေပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ အဆိုပြုချက်စိစစ်ရေးကော်မတီတစ်ခုကို ဖွဲ့စည်းပြီး ဆက်လက်အရေးယူဆောင်ရွက်နေကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဒုတိယဝန်ကြီးက သေချာရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ထပ်ဆင့်မေးခွန်း တစ်ခု၊ နှစ်ခုလောက်လည်း မေးခွင့်ပြုပါ။ ကျွန်တော်တို့ အဲဒီမြေကွက်တွေကို စတင်ဖော်ဆောင်တဲ့အခါမှာ တစ်ဧကတစ်ကွက်ကို သိန်း ၅၀ နဲ့ချပေးခဲ့တယ်ဆိုတာကကော မှန်ပါသလားခင်ဗျား။ နောက်တစ်ခုက ကုမ္ပဏီတစ်ခုတည်းကိုပဲ အကွက်ပေါင်း ၆၀၀၀ လောက်အထိ ချပေးခဲ့တယ်လို့လည်း သိရပါတယ်။ အဲဒီသတင်းဟာလည်း အမှန်ဖြစ်သလားဆိုတာ သိချင်ပါတယ်။ တကယ်လို့ အဲဒါအမှန်တကယ်ဖြစ်တယ်ဆိုရင် ဒီ အိုးအိမ်ဦးစီးဌာနကပေါ့။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဘယ်လိုမူတွေနဲ့ ချပေးခဲ့သလဲဆိုတာကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးသိအောင် ရှင်းပြပေးပါခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မြေကွက်က ချပေးခဲ့စဉ်တုန်းကတော့ အဲဒီအချိန်က ဈေးနှုန်းနဲ့ချပေးတာ ကျွန်တော်ဈေးနှုန်းအတိအကျတော့ လောလောဆယ် လက်တန်းပြောလို့မရပါဘူး။ ဒါပေမယ့် ဈေးမများပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ လက်ရှိစိစစ်လို့ရတဲ့ အချက်အလက်တွေအရတော့ စောစောကလို ကုမ္ပဏီတစ်ခုတည်းကို စောစောပြောတဲ့ မြေကွက်ပေါင်း ထောင်နဲ့ချီချပေးခဲ့တယ်ဆိုတာတော့ ကျွန်တော်တို့ရဲ့ စာရင်းဇယားထဲမှာ မပေါ်ပါဘူး။ အဲဒီလောက်များများကို ချပေးတာ ကျွန်တော်တို့ မတွေ့ရပါဘူး။ လောလောဆယ်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေဆီကနေပြီးတော့ အဆိုပြုချက်တွေရယူပြီးတော့ အဲဒီအဆိုပြုချက်တွေကို စိစစ်နေပါတယ်။ မကြာခင် သူတို့ထုတ်ပြန်ပေးပါလိမ့်မယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**သထုံမြို့နယ်တရားရုံးမှ ဆုံးဖြတ်ချက်အမိန့်ချမှတ်ပြီးသော ယာဉ်များအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့အား လေလံတင်ရောင်းချရန် လုပ်ပိုင်ခွင့်ပေးနိုင်/မပေးနိုင်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစောဘသိန်း၊ သထုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေလို့ ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းဖြစ်ပါတယ်။ လေးစာအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မော်တော်ယာဉ်များကို နိုင်ငံခြားက တရားဝင်တင်သွင်းခွင့်ပြုထားပြီးဖြစ်ပါတယ်။ သို့သော်လည်း အကောက်ခွန်မဲ့မော်တော်ယာဉ်များမှာ မြို့နယ်တော်တော်များများ ဖမ်းဆီးအရေးယူမှုများပြုလုပ်နေရဆဲ ဖြစ်ပါတယ်။ သက်ဆိုင်ရာ မြို့နယ်တရားရုံးများက တရားစွဲဆိုဆုံးဖြတ်မိန့်ချပြီးတဲ့ယာဉ်များအား လေလံတင်မရောင်းချမီကာလ ကြာရှည်စွာထိန်းသိမ်းထားရတဲ့အတွက် ၎င်းကဲ့သို့ ထိန်းသိမ်းထားရခြင်းကြောင့် အမိုးအကာအောက်မှာ မထားရှိရတဲ့အတွက်ကြောင့် မိုးလို့ နေပူမိုးရွာ ကြာရှည်စွာထားရသည့်ယာဉ်များ ပိုမိုပျက်စီးမှုဖြစ်ပေါ်ရခြင်း၊ ယာဉ်များအချိန်စောစွာမရောင်းရသည့်အတွက် သတ်မှတ်တန်ဖိုးမရဘဲ နိုင်ငံတော်ဝင်ငွေရရှိမှုနည်းပါးခြင်း၊ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ထားသူအတွက် စိုးရိမ်ကြီးစွာခံစားနေရခြင်းအတွက် အောက်ပါကြယ်ပွင့်ပြ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ သက်ဆိုင်ရာ မြို့နယ်တရားရုံးတော်မှ ဆုံးဖြတ်ချက်အမိန့်ချမှတ်ပြီးသော မော်တော်ယာဉ်များနဲ့ အခြားယာဉ်များအား သက်ဆိုင်ရာ ပြည်နယ်တိုင်းအစိုးရအဖွဲ့အား လေလံတင်ရောင်းချရန်လုပ်ပိုင်ခွင့် ပေးနိုင်/မပေးနိုင်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့မေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းမေးမြန်းတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ဒေသအသီးသီးမှာ ဖမ်းဆီးရမိတဲ့ လိုင်စင်မဲ့မော်တော်ယာဉ်တွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဥပဒေအရ တရားစွဲဆိုပြီးတော့ တရားရုံးဆုံးဖြတ်ချက်ကျပါက နိုင်ငံတော်ဘဏ္ဍာသိမ်းယာဉ်တွေကို Open Tender စနစ်ဖြင့်ရောင်းချဖို့ ကြမ်းခင်းဈေးသတ်မှတ်မှုကို တရားဝင်ပြည်ပမှ လိုင်စင်တင်သွင်းဈေးနှုန်းနှင့် မနိမ့်ရေးနဲ့ တိုင်းဒေသကြီး/ပြည်နယ်အားလုံးတစ်ပြေးညီဖြစ်စေရေးအတွက် Open Tender မပြုလုပ်မီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို ကြမ်းခင်းဈေးသတ်မှတ်ရေးဆိုင်ရာ သဘောထားမှတ်ချက်တောင်းခံပြီးမှ ဆောင်ရွက်ရန်ဖြစ်ပြီးတော့ ရောင်းချမရတဲ့မော်တော်ယာဉ်တွေကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို နိုင်ငံပိုင်စာရင်း ရေးသွင်းလွှဲပြောင်းပေးအပ်ပြီးတော့ နိုင်ငံတော်အစီအစဉ်နဲ့ လိုအပ်တဲ့ အဖွဲ့အစည်းဌာနတွေ အသုံးပြုနိုင်ဖို့အတွက် ပြန်လည်ခွဲဝေပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၆-၁၂-၂၀၁၂ ရက်စွဲပါစာဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။

ဒီဖော်ပြပါ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ညွှန်ကြားချက်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေနဲ့ သက်ဆိုင်ရာမြို့နယ်တရားရုံးတွေက ဆုံးဖြတ်ချက်အမိန့်ချမှတ်ပြီးတဲ့ လိုင်စင်မဲ့မော်တော်ယာဉ်တွေကို Open Tender စနစ်နဲ့ရောင်းချခဲ့ကြတဲ့အခါမှာ ၆-၁၁-၂၀၁၃ ရက်နေ့မှာ မွန်ပြည်နယ်မှာ မော်တော်ယာဉ် စီးရေ ၈၈ စီးရောင်းချခဲ့တဲ့အနက်မှာ တင်ဒါအောင်မြင်တဲ့ မော်တော်ယာဉ်စီးရေ ၇၇ စီး၊ ၇-၇-၂၀၁၄ ရက်နေ့မှာ တနင်္သာရီတိုင်းဒေသကြီးမှာ ရောင်းချခဲ့တဲ့ မော်တော်ယာဉ်စီးရေ ၃၃ စီးအနက် တင်ဒါအောင်မြင်တဲ့မော်တော်ယာဉ် စီးရေ ၃၁ စီး၊ ၆-၁၂-၂၀၁၄ ရက်နေ့မှာ ကရင်ပြည်နယ်မှာ ရောင်းချခဲ့တဲ့ မော်တော်ယာဉ်စီးရေ ၈၆ စီးအနက်မှ တင်ဒါအောင်မြင်တဲ့ မော်တော်ယာဉ်စီးရေ ၃၃ စီးတို့ကို ရောင်းချခဲ့ပြီးဖြစ်ပါတယ်။ ဒီ Open Tender နဲ့မအောင်မြင်တဲ့ မော်တော်ယာဉ်စီးရေ ၆၆ စီးကိုလည်း အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနဲ့ စစ်ဆေးရေးဦးစီးဌာနကနေပြီးတော့ လွှဲပြောင်းလက်ခံခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီး/ပြည်နယ်တွေမှာရှိတဲ့ သက်ဆိုင်ရာမြို့နယ်တရားရုံးများမှ ဆုံးဖြတ်ချက် အမိန့်ချမှတ်ပြီးသော လိုင်စင်မဲ့မော်တော်ယာဉ်များနဲ့ အခြားယာဉ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များကနေပြီးတော့ Open Tender စနစ်နဲ့ရောင်းချဖို့အတွက် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးကို တင်ပြခွင့်ပြုချက်တောင်းခံပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**နေအိမ်ခြံမြေပုံကိစ္စ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ (SME) နှင့်စပ်လျဉ်းသည့် လုပ်ငန်း မှတ်ပုံတင်ခြင်း၊ ချေးငွေနှင့်မတည်မှုငွေရရှိနိုင်ရေးအတွက် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းပိုင်းဆိုင်ရာ နည်းလမ်းများ၊ ညွှန်ကြားချက်များနှင့် မည်သို့မည်ပုံဆောင်ရွက်ရမည်နှင့် ကျေးရွာများတွင် မြေဂရန် အခက်အခဲရှိသဖြင့် မြေဂရန်အစား မည်ကဲ့သို့ဆောင်ရွက်နိုင်မည်ကို သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးဝင်းဆွေ၊ ညောင်ရွှေမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော် ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံနိုင်ကြပါစေ။ ကျွန်တော်ကတော့ ညောင်ရွှေမဲဆန္ဒနယ် အင်းလေးဒေသမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အလုပ် အကိုင်ရရှိရေး ပြည်သူများစီးပွားတိုးတက်လာစေရေး၊ ပုဂ္ဂလိကလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက် လာစေရန် အသေးစား၊ အလတ်စား၊ စက်မှုလက်မှုလုပ်ငန်းများကို ပံ့ပိုးမှုတစ်ရပ်အနေဖြင့် တစ်နှစ် ထက်တစ်နှစ်တိုးမြှင့်ပြီး ချေးငွေများထုတ်ချေးနေသည်ကို ကြားသိနေရပါတယ်။ မြို့ပေါ်နေ အသေးစား၊ အလတ်စားလုပ်ငန်းများမှာ အိမ်ဂရန်များအား အာမခံထားရှိ၍ ချေးငွေအရင်းအနှီးများ ရရှိနေပြီဖြစ်သော်လည်း မြို့နယ်၊ ကျေးရွာများမှ လုပ်ငန်းရှင်များမှာ အကျိုးခံစားခွင့် လုပ်ထုံး လုပ်နည်းများ ပြည့်စုံစွာနားလည်ခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းများနှင့်(SME)စပ်လျဉ်းသည့် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ ချေးငွေနှင့်မတည်မှုငွေရရှိနိုင်ရေး အတွက် ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းပိုင်းဆိုင်ရာနည်းလမ်းများ၊ ညွှန်ကြားချက်များနှင့် မည်သို့ မည်ပုံဆောင်ရွက်ရမည်ဆိုသည်ကို သိရှိလိုပါသည်။ ၎င်းအပြင် ကျေးရွာများတွင် မြေဂရန်ပြုလုပ်ရန် အခက်အခဲရှိသဖြင့် မြေဂရန်အစား မည်ကဲ့သို့ဆောင်ရွက်နိုင်မည်ဆိုသည်တို့ကို သိရှိလိုပါသဖြင့်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်များ၏ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပြီး ယခုအစည်းအဝေးမှာ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများမှတ်ပုံတင်ရာမှာ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင်လည်းကောင်း၊ အငယ်စားစက်မှုလုပ်ငန်းများကို အသေးစားစက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေအရ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနတွင်လည်းကောင်း၊ ဆန်စက်၊ ပဲခွဲစက်အစရှိတဲ့ စီးပွားရေးလုပ်ငန်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနတွင်လည်းကောင်း၊ ငါးပိ၊ ငါးခြောက်အစရှိတဲ့ စီးပွားရေးလုပ်ငန်းများကို မွေးမြူရေး၊ ရေလုပ်ငန်း နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ဟိုတယ်၊ မိုတယ်နှင့်တည်းခိုရိပ်သာ စီးပွားရေးလုပ်ငန်းများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင်လည်းကောင်း မှတ်ပုံတင်ကြ ရပါတယ်။

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားတဲ့ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ချေးငွေနှင့်မတည်ရင်းနှီးငွေရရှိရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်/ကောင်စီနယ်မြေများသို့ ချေးငွေကျပ် ၂၀ ဘီလီယံကို ခွဲဝေချထားပေးခဲ့ရာ လုပ်ငန်းအရေအတွက် များပြားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့မှာ ချေးငွေကျပ်နှစ်ဘီလီယံစီနဲ့ ကျန်တိုင်း ဒေသကြီးနဲ့ကျန်ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေများမှာ ငွေကျပ်တစ်ဘီလီယံစီသတ်မှတ်၍ ထုတ်ချေးပေးလျက်ရှိပါတယ်။ အဆိုပါ SME ချေးငွေဟာ ကနဦးပထမဆုံးစတင်အကောင်အထည် ဖော်ရခြင်းဖြစ်ပါ၍ လက်ရှိလုပ်ငန်းလုပ်ကိုင်နေတဲ့ စက်မှုလုပ်ငန်းများကို အခြေပြု၍ စက်မှုဝန်ကြီး ဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ထားရှိ၍ မရွှေ့မပြောင်းနိုင်

သော မြေနှင့်မြေပေါ်ရှိအဆောက်အအုံများအား အပေါင်ပစ္စည်းအဖြစ်ထားရှိနိုင်တဲ့ လုပ်ငန်းလည်ပတ်မှုရှိပြီး အလားအလာကောင်းတဲ့ စီးပွားရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပါတယ်။

SME ချေးငွေရယူလိုတဲ့စီပွားရေးလုပ်ငန်းရှင်များကို မိမိလုပ်ငန်းများတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်/ကောင်စီနယ်မြေများရှိ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးများမှတစ်ဆင့် လျှောက်ထားပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်ရယူရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာအစိုးရအဖွဲ့မှ ချေးငွေထုတ်ပေးနိုင်ရန် လုပ်ငန်းရှင်များ၏စာရင်းအား အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB) သို့ ပေးပို့ပါတယ်။ SMIDB အနေနဲ့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းအတိုင်း ချေးငွေလျှောက်ထားသူများ၏ အပေါင်ပစ္စည်းများ ခိုင်မာမှုရှိမှသာ ချေးငွေထုတ်ချေးခြင်းပြု၍ ချေးငွေရရှိမှုမကြန့်ကြာစေရန် လုပ်ငန်းရှင်များ၏ အပေါင်ပစ္စည်းများ ခိုင်မာမှုရှိ/မရှိကို တိုင်းဒေသကြီး/ပြည်နယ်နှင့် ကောင်စီနယ်မြေရှိတာဝန်ရှိသူများက ကြိုတင်စိစစ်ပြီးမှသာ သက်ဆိုင်ရာအစိုးရအဖွဲ့ကို တင်ပြရမှာ ဖြစ်ပါတယ်။ SMIDB ရဲ့စည်းမျည်းစည်းကမ်းအရ စီးပွားရေးလုပ်ငန်းရှင်များမှ အခွန်ပေးဆောင်ပြီးစီးမှုပြေစာ လက်ရှိဘဏ္ဍာနှစ်အပါအဝင် (၃) နှစ်စာ မိတ္တူတင်ပြရမည်ဖြစ်သော်လည်း (၁)နှစ်အတွက်သာ တင်ပြလျှင်သော်လည်းကောင်း၊ လျှောက်ထားသူအမည်ပေါက်ဂရန်၊ ဘိုးဘွားပိုင်အာမခံမြေပိုင်ဆိုင်မှုဂရန်လက်ကျန်သက်တမ်းအား အနည်းဆုံးငါးနှစ်ရှိရမည့်အစား အနည်းဆုံးလေးနှစ်ရှိခဲ့လျှင်သော်လည်းကောင်း၊ SME ချေးငွေရရှိနိုင်ရန်အတွက် ဖြေလျှော့မှုများပေးထားပါတယ်။ ထို့အပြင် ချေးငွေလျှောက်ထားမှု၏ အာမခံမြေဂရန်အမည်ပေါက် ၃(ခ)ပုံစံတွင် လယ်ယာမြေမဟုတ်ကြောင်း ထောက်ခံချက်ပါရှိပါက လက်ခံပေးပါကြောင်းနှင့် လုပ်ငန်းအရှုံး/အမြတ်စာရင်းကို ယခင်က ပြည်သူ့လက်မှတ်ရစာရင်းကိုင် ထောက်ခံချက်ဖြင့် ရေးဆွဲရန်လိုအပ်သော်လည်း ယခုအခါ SMIDB ၏ သတ်မှတ်ပုံစံအတိုင်း တစ်နှစ်စာအတွက် ပြင်ဆင်ရေးဆွဲတင်ပြနိုင်ပါက ချေးငွေရရှိရေးအတွက် ဖြေလျှော့လက်ခံပေးလျက်ရှိပါတယ်။

ကျေးရွာများကို မြေငှားဂရန်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်ရန် ၁၈၉၂ ခုနှစ်၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ အပိုဒ် ၇၉ တွင်လည်းကောင်း၊ ၁၉၀၇ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေအပိုဒ် ၄၁ မှ ၄၉ အထိလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှ ကျေးရွာမြေအဖြစ် တရားဝင်အမိန့်ထုတ်ပြန်သတ်မှတ်ထားခဲ့ပြီးဖြစ်သော ဧရိယာအတွင်း၌ စနစ်တကျအကွက်ရိုက်ထားပြီးဖြစ်သော ကျေးရွာမြေကို ၎င်းကျေးရွာ

အုပ်စုအတွင်းနေထိုင်သူမှ လူနေထိုင်ရန်၊ စက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လျှောက်ထားလိုပါက မြို့နယ်မြေစာရင်းဦးစီးဌာနမှ ရေးဆွဲပေးတဲ့ မြေစာရင်းပုံစံ(၁၀၅)၊ မြေရာဇဝင် ပုံစံ(၁၀၆)များနှင့် ဆောက်လုပ်အသုံးပြုမယ့် အဆောက်အအုံများနှင့်တကွ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို လျှောက်ထားရမှာ ဖြစ်ပါတယ်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ အဆိုပါလျှောက်ထားချက်များနှင့် စပ်လျဉ်း၍ လိုအပ်တဲ့အချက်အလက်များကို အဆင့်ဆင့်စိစစ်တင်ပြစေပြီး ခရိုင်အုပ်ချုပ်ရေးမှူးက မြေပြင် ကွင်းဆင်းဆောင်ရွက်ရပါတယ်။ ထို့နောက် ပြဋ္ဌာန်းထားသော ဥပဒေသတ်မှတ်ချက်များနှင့် ကိုက်ညီပါက အနည်းဆုံး ၁၀ နှစ်မှ အများဆုံး ၃၀ နှစ်ရှိတဲ့ မြေငှားစာချုပ် Lease နဲ့ စနစ်တကျအကွက်ရိုက်ထားခြင်းမရှိတဲ့ မြေများအတွက် အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ မြေငှားလိုင်စင် Leniense များ ခွင့်ပြုချထားပေးနိုင်ပါတယ်။ သို့ရာတွင် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေအပိုဒ် ၇၉ အပိုဒ်ခွဲ(ဍ)နှင့် အောက်မြန်မာနိုင်ငံ မြို့ရွာနှင့် ကျေးရွာမြေနည်းဥပဒေအပိုဒ် ၄၉ အပိုဒ်ခွဲ(ခ) တို့မှာ ထိုမြေကို အသုံးပြုရာ၌ အများပြည်သူတို့အား အနှောင့်အယှက်ဖြစ်စေမည်ဟု မြေငှားစာချုပ်ထုတ်ပေးနိုင်သော အခွင့်အာဏာရှိသူက ထင်မြင်ယူဆပါက မြေကွက်ကို အငှားချထားပေးခြင်းမပြုရန် ပြဋ္ဌာန်းထားရှိပါတယ်။

သို့ဖြစ်၍ ပြည်ထဲရေးဌာနအနေဖြင့် ကျေးရွာမြေများအဖြစ် တရားဝင်အမိန့်ထုတ်ပြန်ထားသော ဧရိယာအတွင်း ကျေးရွာတွင် အမှန်တကယ်နေထိုင်ပြီး ပိုင်ဆိုင်ကြောင်း အထောက်အထားအချက်အလက်အပြည့်အစုံဖြင့် တင်ပြလျှောက်ထားလာပါက ဥပဒေများနှင့်အညီ စိစစ်၍ ဂရန်များထုတ်ပေးလျက်ရှိပါကြောင်း ချေးငွေများထုတ်ပေးခြင်းအခြေအနေကို သိရှိနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

**ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသော ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်- ၅/၉၃)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသော ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်-၅/၉၃) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ (၉-၁-၂၀၁၃) ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များအားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနဲ့ နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့တွင် စည်ပင်သာယာရေးဥပဒေများ အတည်ပြုပြဋ္ဌာန်းပြီးမှသာ ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်-၅/၉၃)ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ရုပ်သိမ်းရန် လွှတ်တော်တွင် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ တိုင်းဒေသကြီးနဲ့ပြည်နယ် လွှတ်တော်များသည် စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒါကြောင့် ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ်-၅/၉၃)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ သဘောမတူသူရှိပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်-၅/၉၃) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၈)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှုကြမ်း**